ပြည်ထောင်စုနယ်မြေ ၊ နေပြည်တော်

တပ်ကုန်းမြို့နယ် ၊ မကျီးပင်ကျေးရွာအုပ်စု၊

ညောင်ပင်သာကျေးရွာ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(၂၀၂၅-၂၀၂၈)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

ညောင်ပင်သာကျေးရွာ ၊ တပ်ကုန်းမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန)

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီပံ့ပိုးသည်

၂၀၂၅ခုနှစ် ၊ ဇူလိုင်လ ရက်

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	စကားချီး	၁
	ညောင်ပင်သာကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ တပ်ကုန်းမြို့နယ်	၂
	ညောင်ပင်သာကျေးရွာ ကျေးရွာ ရာသီခွင်ပြပြက္ခဒိန် ၊ တပ်ကုန်းမြို့နယ်	၃
	ညောင်ပင်သာကျေးရွာ အဖွဲ့အစည်းချိတ်ဆက်ပြပုံ ၊ တပ်ကုန်းမြို့နယ်	၄
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၅
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၅
၃။	**ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**	၅-၆
၄။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၆
၅။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၆-၇
	(က) သီးနှံ စိုက်ပျိုးရေး	၆-၇
	(ခ) မွေးမြူရေးလုပ်ငန်း	၇
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၇-၈
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၈
၆။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၈
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၈-၉
	(ခ) ကျေးရွာ မီးလင်းရေး	၉
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၉
၇။	**ပညာရေး**	၉-၁၀
၈။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၀-၁၁
၉။	**ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၁
၁၀။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၁-၁၂
၁၁။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက်များ	
	နောက်ဆက်တွဲ(၅)အကောင်ထည်ဖော်ဆောင်ရွက်မည့် ကာလသတ်မှတ်ခြင်း	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းသည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်မှ ၂၀၂၉-၂၀၃၀ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစု ပူးပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးရွာတာဝန်ခံနှင့် သက်ဆိုင်ရာမြို့နယ် ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းများ ပို့ချသင်ပြပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း ၊ သတင်းအချက်အလက်များရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်နေသော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

၂၀၂၅ခုနှစ် ၊ ဇူလိုင်လ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ၊ ညောင်ပင်သာကျေးရွာ ၊ တပ်ကုန်းမြို့နယ်

တပ်ကုန်းမြို့နယ်၊ မကျီးပင်ကျေးရွာအုပ်စု၊ ညောင်ပင်သာကျေးရွာ သယံဇာတပြမြေပုံ



၃

တပ်ကုန်းမြို့နယ်၊ မကျီးပင်ကျေးရွာအုပ်စု၊ ညောင်ပင်သာကျေးရွာ၏ ရာသီခွင်ပြပြက္ခဒိန်

တပ်ကုန်းမြို့နယ်၊ ညောင်ပင်သာကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်

စဉ်	အမည်	ဇန်	ဖေ	မတ်	ဧပြီ	မေ	ဇွန်	ဇူလိုင်	ဩဂုတ်	စက်	အောက်	နို	ဒီ
၁။	ရာသီဥတု												
၂။	သောက်သုံးရေ												
၃။	စိုက်ပျိုးရေး												
၄။	ပိုးမွှားကျရောက်မှု			[illegible]			[illegible]	[illegible]	[illegible]	[illegible]			
၅။	မွေးမြူရေး												
၆။	ရောဂါကျရောက်မှု			[illegible]									
၇။	ကျန်းမာရေး												
၈။	ကျပန်း	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉။	ဝင်ငွေ												
၁၀။	ဘာသာရေးပွဲတော်											[illegible]	
၁၁။	သဘာဝဘေးအန္တရာယ်												

တပ်ကုန်းမြို့နယ် ၊ မကျီးပင်ကျေးရွာအုပ်စု ၊ ညောင်ပင်သာကျေးရွာ အဖွဲ့အစည်းချိတ်ဆက်ပြဇယား



၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ညောင်ပင်သာကျေးရွာသည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ၊ ဥတ္တရခရိုင် ၊ တပ်ကုန်းမြို့၏ အနောက်မြောက်ဘက်အရပ်တွင် တည်ရှိပြီး အရှေ့လောင်ဂျီကျူ့ ၉၆ ဒီဂရီ ၂၀၀၉၂၄ မိနစ်နှင့် မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၈၂၃၀၉ မိနစ်အကြားတွင်တည်ရှိပါသည်။ ညောင်ပင်သာကျေးရွာကို သက္ကရာဇ် ၁၉၀၀ ခန့် ကျေးရွာတည်ထောင်စဉ်က ကျေးရွာ၏အရှေ့ဘက်တွင် ညောင်ပင်ရှိသည်ကို အစွဲပြု၍ ညောင်ပင်သာကျေးရွာဟု ခေါ်တွင်စေခဲ့ပါသည်။ ကျေးရွာတည်ထောင်စဉ်က အိမ်ခြေ ၁၇၀ ခန့်ရှိပြီး ကျေးရွာတွင်းမီးဘေးအန္တရာယ် နှစ်ကြိမ်ကြုံတွေ့ခဲ့ရသောကြောင့် အခြားကျေးရွာများဖြစ်သောချောင်းခွကျေးရွာ၊ကျည်တောင်ကန်ကျေးရွာ၊ တပ်ကုန်းမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်များသို့ ပြောင်းရွှေ့သွားလာခဲ့ကြသည့်အတွက် ကျေးရွာတွင် လက်ရှိအိမ်ခြေ(၂၃)အိမ်သာ ကျန်နေခဲ့ပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် နဝင်းချောင်းနှင့် ရွေးစု(မြောက်)ကျေးရွာ ၊ အနောက်ဘက်တွင် အုပ်စုကျေးရွာဖြစ်သော မကျီးပင်ကျေးရွာ ၊ တောင်ဘက်တွင် ချောင်းခွကျေးရွာနှင့် မြောက်ဘက်တွင် ရှားတုံးအိုင်ကျေးရွာတို့ တည်ရှိပါသည် ။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

တပ်ကုန်းမြို့နယ်၊ ညောင်ပင်သာကျေးရွာ၏ ရာသီဥတုမှာ ယေဘုယျအားဖြင့် အပူပိုင်းမုတ်သုံရာသီဥတုဖြစ်ပြီး အမြင့်ဆုံးအပူချိန်မှာ(၄၀)ဒီကရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ(၂၂)ဒီကရီစင်တီဂရိတ် ရှိပါသည်။ တစ်နှစ်လျှင် ပျမ်းမျှမိုးရေချိန်မှာ (၆၀)လက်မခန့်ရှိပြီး မိုးအများဆုံးရွာသွန်းသောကာလမှာ ဝါဆိုလနှင့် ဝါခေါင်လတို့ ဖြစ်ပါသည်။ ကျေးရွာနံဘေးတွင် နဝင်းချောင်းရှိပြီး ၎င်းချောင်းမှ ကျောက်စရစ်နှင့်သဲများကို ရရှိနိုင်သော်လည်း ထုတ်ယူသုံးစွဲကြခြင်းမရှိပါ။ မိုးများသောကာလများတွင် ၎င်းချောင်းရေမြင့်တက်လာမှုကြောင့် ကျေးရွာတွင်းသို့ရေဝင်ရောက်မှုများရှိပါသည်။ ကျေးရွာတွင် ထိခိုက်လွယ်သော အိမ်ထောင်စုများရှိသည့်အတွက် သဘာဝဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ အစီအမံများကို ချမှတ်ရေးဆွဲထားရန် လိုအပ်မည်ဖြစ်ပါသည် ။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

တပ်ကုန်းမြို့နယ် ၊ ညောင်ပင်သာကျေးရွာတွင် အိမ်ထောင်စု (၂၃)စုရှိပြီး ကျား (၄၆)ဦး ၊ မ(၃၈)ဦး၊ စုစုပေါင်း လူဦးရေ(၈၄)ဦးရှိသဖြင့် (၁)အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ(၄)ဦးခန့် နေထိုင်လျက်ရှိပါသည်။ အလုပ်လုပ်နိုင်သည့် အရွယ်လူဦးရေမှာ ကျေးရွာရှိလူဦးရေ၏ (၇၀%)ဖြစ်ပြီး လုပ်သားအင်အားရရှိမှုလည်း များပါသည်။ ကျပန်းလုပ်သားပေါ်များပြီး လုပ်ကိုင် ဆောင်ရွက်နိုင်သူများပြားသည့်အတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုအတတ်ပညာနှင့် နည်းပညာများ ထောက်ပံ့ပေးမည်ဆိုပါက တစ်နိုင်တပိုင်လုပ်ငန်းများ ထူထောင်ဆောင်ရွက်နိုင်ကာ ကျေးရွာ၏ ထုတ်ကုန်လုပ်ငန်းတိုးတက်ဖွံ့ဖြိုးမှုကို မြင့်မားလာစေနိုင်ပါသည်။ ကျေးရွာရှိ အလုပ်လုပ်နိုင်သော

အရွယ်တွင် အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက် ရာခိုင်နှုန်းပိုများပါသည်။ အသက်(၆၄)နှစ်နှင့်အထက် သက်ကြီးရွယ်အိုလူဦးရေမှာ ကျေးရွာရှိလူဦးရေ၏(၂%)ရှိပြီး ကျန်းမာရေးကောင်းမွန်သော်လည်း ထိခိုက်လွယ်သည့် အိမ်ထောင်စုများတွင် တည်ရှိနေပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

တပ်ကုန်းမြို့နယ်၊ ညောင်ပင်သာကျေးရွာ၏ ဖွဲ့စည်းပုံမှာ အိမ်ခြေနည်းပါးသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းနှင့် ရပ်မိရပ်ဖအဖွဲ့အစည်းသာရှိပြီး ၎င်းအဖွဲ့အစည်းများမှ ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများကို တက်ကြွစွာဦးဆောင်၍ ဆောင်ရွက်ကြပါသည်။ ကျေးရွာရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများအကြား ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုနှင့်စပ်လျဉ်းသည့် လုပ်ငန်းများချိတ်ဆက်ဆောင်ရွက်မှုသည် သင့်တင့်ကောင်းမွန်သည်ဟု ဆိုနိုင်ပါသည်။ ကျေးရွာအတွင်းရှိ ပြည်သူလူထု၏ စည်းလုံးညီညွတ်မှု၊ ရပ်မိရပ်ဖများ၏ သြဇာသက်ရောက်မှုများကြောင့် ကျေးရွာအကျိုး အဖွဲ့လိုက်ဆောင်ရွက်မှုများတွင် ထိရောက်အောင်မြင်မှုရှိပါသည်။ သို့သော်လည်း ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ပတ်သက်သည့် အသိအမြင်ဗဟုသုတများဖြစ်သည့် (ဥပမာ- အဖွဲ့အစည်းများဆိုင်ရာ သဘောတရားများ)တွင် လိုအပ်ချက်များစွာ ရှိနေပါသေးသည် ။ ပြင်ပအလှူရှင် အဖွဲ့အစည်းများဖြစ်သောမြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊မြန်မာနိုင်ငံကြက်ခြေနီအသင်းများ၏အကူအညီများဖြင့် ရာဂီမုန်တိုင်း သဘာဝဘေး ရေကြီးရေလျှံမှုကြောင့် နေအိမ်ပျက်စီးဆုံးရှုံးသွားသော နေအိမ်များနှင့် ယင်လုံအိမ်သာများကို ဆောက်လုပ်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဌာနဆိုင်ရာများဖြစ်သော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ အသေးစားနှင့် စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့မှလည်းကျေးရွာ၏ ပကတိလိုအပ်ချက်များကိုဖော်ထုတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

တပ်ကုန်းမြို့နယ် ၊ ညောင်ပင်သာတွင် လယ်မြေပိုင်ဆိုင်မှု နည်းပါးပါသည်။ ကျေးရွာ(၁)ရွာလုံးတွင် လယ်ယာမြေပိုင်ဆိုင်သည့်အိမ်ထောင်စု(၂)စုသာရှိပြီး ကျေးရွာရှိ အိမ်ထောင်စု၏ (၉%) သာရှိပါသည်။ ကျေးရွာတွင်လယ်ယာမြေကေ(၆.၇၅)ကေရှိသည့်အနက် လယ်မြေဖြစ်သော(၅)ကေတွင်သာ စပါးနှင့်ရာသီပေါ်သီးနှံများဖြစ်သည့် ငရုတ်၊ ခရမ်းချဉ်နှင့် ပဲတီစိမ်းတို့ကိုစိုက်ပျိုးကြပါသည်။ ယာမြေဖြစ်သော(၁.၇၅)ကေသည် နုန်းမြေများဖုံးလွှမ်းနေသောကြောင့် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ခြင်းမရှိပါ။ ကျေးရွာတွင်စိုက်ပျိုးရေးသွင်းအားစုများ၊ နည်းပညာနှင့်ဝန်ဆောင်မှုရရှိမှုများ နည်းပါးပါသည်။ စိုက်ပျိုးမြေဆီလွှာ အသင့်အတင့်ကောင်းမွန်သော်လည်း အထွက်နှုန်းတိုးလိုပါက မြေသြဇာအများအပြား ထည့်ရခြင်း

ကြောင့် အရင်းအနှီးများခြင်း၊ မျိုးစေ့များ ပြန်လည်ဝယ်ယူချိန်တွင် စိုက်ပျိုးရေးဦးစီးဌာနမှ ရောင်းချ သောဈေးနှုန်းနှင့် ပြင်ပ/ပုဂ္ဂလိကစိုက်ပျိုးရေးကုမ္ပဏီများမှ ရောင်းချသော ဈေးနှုန်းများတူညီကြသော်လည်း ဝန်ဆောင်မှုလုပ်ငန်းများ မတူညီခြင်းကြောင့် စိုက်ပျိုးတောင်သူများအနေဖြင့် ပြင်ပ/ပုဂ္ဂလိကစိုက်ပျိုးရေးကုမ္ပဏီများမှ ဝယ်ယူမှုပိုမိုများ ပါသည်။ စိုက်ပျိုးရေအနေဖြင့် မိုးရေကိုသာ အဓိကအားထား၍ ဆောင်ရွက်ကြရပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ဇယား(၈) ညောင်ပင်သာကျေးရွာတွင် တိရိစ္ဆာန်မွေးမြူထားရှိမှုအခြေအနေ

စဉ်	ကျေးရွာ	နွား	ဝက်	ကြက်	ဆိတ်	ဘဲ	ကျွဲ
၁	ညောင်ပင်သာ	၁၉	၃	၁၂	၂၂		

တပ်ကုန်းမြို့နယ်၊ ညောင်ပင်သာကျေးရွာတွင် နွား၊ ဝက်နှင့် ကြက်များကို တစ်နိုင်တပိုင် မွေးမြူသောအိမ်ထောင်စု အနည်းငယ်ရှိပါသည်။ နေပြည်တော်ကောင်စီရန်ပုံငွေဖြင့် အဖွဲ့ဝင်(၁၆)ဦးပိုင်ဆိုင်သည့် ဆိတ်ကောင်ရေ(၂၂)ကောင် မွေးမြူလျက်ရှိသော ဆိတ်ခြံ (၁)ခြံ လည်းရှိပါသည် ။ မိရိုးဖလာနည်းပညာများအတိုင်း မွေးမြူကြခြင်းကြောင့် ဆုံးရှုံးမှုများပြီး အမြတ်ရရှိမှုနည်းခြင်းများဖြင့် ကြုံတွေ့ရပါသည်။ ကောက်ရိုးနှင့်ရိတ်သိမ်းပြီးသော ပဲပင်များကို နွားစာအဖြစ် ပြန်လည်အသုံးပြုကြခြင်းများ ရှိပါသည်။ မွေးမြူရေးဆိုင်ရာအသိပညာနှင့် နည်းပညာဝန်ဆောင်မှုပေးခြင်းများ လိုအပ်နေပါသည်။ အတိုးနည်းချေးငွေရရှိပါက စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည် ဖြစ်ပါသည် ။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

တပ်ကုန်းမြို့နယ်၊ ညောင်ပင်သာကျေးရွာတွင် အိမ်တွင်းမှုဆိုင်ရာ ထုတ်ကုန်လုပ်ငန်းဟူ၍မည်မည်ရရမရှိသော်လည်း တစ်နိုင်တပိုင်ဆံပင်ကျွတ်ရှင်းသည့်လုပ်ငန်းများရှိပါသည်။ အခြား ဝင်ငွေရလုပ်ငန်းများအဖြစ် ပန်းရံ၊ လက်သမား၊ ယာဉ်မောင်း၊ ဈေးရောင်းနှင့် စက်ချုပ်လုပ်ငန်းများကိုလုပ်ကိုင်ဆောင်ရွက်ကြပါသည်။အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် နည်းပညာနှင့်အရင်းအနှီး စိုက်ထုတ်လုပ်ကိုင်ခြင်းများဆောင်ရွက်ရန်အတွက် အခက်အခဲများရှိနေပါသည်။ ကျေးရွာနှင့်မြို့ပေါ် လမ်းပန်းဆက်သွယ်ရေးအခြေအနေမှာ လွတ်လပ်စွာကူးသန်းသွားလာနိုင်ပြီး လျှပ်စစ်မီးရရှိသောကြောင့် ထုတ်ကုန်လုပ်ငန်းများ ဖန်တီးပေးနိုင်မည်ဆိုပါကထုတ်ကုန်လုပ်ငန်းဆောင်ရွက်ခြင်းအတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်နိုင်ပါသည်။ ထို့အပြင်ကျပန်းလုပ်သား ပေါများသည့် ကျေးရွာဖြစ်သောကြောင့် မိသားစုဝင်ငွေတိုး လုပ်ငန်းများနှင့် တစ်နိုင်တပိုင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အစီအမံများချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်ပေးသင့်ပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

တပ်ကုန်းမြို့နယ်၊ ညောင်ပင်သာကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်သည့် အိမ်ထောင်စု(၂)စု ရှိသော်လည်း စိုက်ပျိုးရေးဘဏ်တွင် ချေးငွေရယူခြင်းများမရှိပါ။ ကျေးရွာတွင် ကျပန်းလုပ်သားပေါများခြင်းကြောင့် အတိုးနည်းချေးငွေလိုအပ်မှုများရှိပြီး ၎င်းတို့၏ ပုံမှန်လုပ်ငန်းများမှရရှိသည့် ဝင်ငွေအပေါ်မူတည်၍ နေထိုင်စားသောက်ရေးကို ဖြေရှင်းနိုင်ကြရပါသည်။ ဝမ်းစာမဖူလုံသော ကျေးရွာလူထုများအနေဖြင့် ဆွေမျိုးများနှင့် မိတ်ဆွေအပေါင်းအသင်းများထံမှ ချေးငွေများရယူကာ ဝမ်းရေးပြဿနာကို ဖြေရှင်းနေကြပါသည်။ ထို့ကြောင့် ကျေးရွာနေပြည်သူအများစုအတွက် သက်သာသောအတိုးနှုန်းဖြင့် မတည်ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းများ လိုအပ်လျက် ရှိပါသည် ။

၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

တပ်ကုန်းမြို့နယ်၊ ညောင်ပင်သာကျေးရွာတွင် လယ်ယာထွက်ကုန်များအား အခြားကျေးရွာများရှိ ဝယ်ယူသည့်ဒိုင်များနှင့် ပွဲစားများသို့ ရောင်းချကြရပါသည်။ ကုန်စိမ်းနှင့် သားငါးများကို ကျေးရွာသို့လာရောက်ရောင်းချသည့် လှည့်လည်ဈေးသည်များထံမှအလွယ်တကူဝယ်ယူနိုင်ပြီး၊ အကြီးစားလိုအပ်သည့် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကိုမူ တပ်ကုန်းမြို့ရှိဈေးဆိုင်များတွင် လွယ်လင့်တကူ သွားရောက်ဝယ်ယူကြပါသည်။ ကျေးရွာတွင် အသုံးပြုမှုအများဆုံး သယ်ယူပို့ဆောင်ရေးယာဉ်များမှာ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်နှင့် ကားများဖြစ်ပါသည်။ ကျေးရွာသည် မြို့နယ်၏အနောက်မြောက်ဘက်တွင် တည်ရှိသောကြောင့် လမ်းပန်းဆက်သွယ်ရေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာတွင်းရှိ လမ်းများသည် ရာဂီမုန်တိုင်း သဘောဝဘေးရေကြီးရေလျှံမှုများကြောင့် ရေဝပ်ဧရိယာများဖြစ်ပေါ်၍ သွားလာရေးတွင် အဆင်မပြေပါ ။

(ခ) လျှပ်စစ်စွမ်းအားဆိုင်ရာ အခြေခံအဆောက်အဦး

တပ်ကုန်းမြို့နယ်၊ ညောင်ပင်သာကျေးရွာသည် မဟာဓာတ်အားလိုင်းရရှိပြီး လျှပ်စစ်မီးအသုံးပြုသည့် အိမ်ထောင်စု(၁၀)စုရှိပါသည်။ ရာခိုင်နှုန်းအားဖြင့် (၄၃%)ရှိပါသည်။ ကျန်အိမ် ထောင်စု(၁၃)စုသည်ငွေကြေးအခြေအနေအရ လျှပ်စစ်မီးသွယ်တန်းရန် အခက်အခဲရှိနေပါသည်။ ကျေးရွာရှိ Transformer သည် ကျေးရွာ၏လျှပ်စစ်သုံးစွဲအားနှင့် နှိုင်းယှဉ်လျှင်ဗို့အား လုံလောက်မှုရှိပါသည်။ လျှပ်စစ်မီးရရှိသည့် ကျေးရွာဖြစ်သော်လည်း ကျေးရွာတွင် မီးလင်းရေးကော်မတီအား ဖွဲ့စည်းထားခြင်း မရှိပါ။

(ဂ) **ဆက်သွယ်ရေး၊ သတင်းနှင့် နည်းပညာဆိုင်ရာ အခြေခံအဆောက်အဦ**

တပ်ကုန်းမြို့နယ်၊ ညောင်ပင်သာကျေးရွာတွင် ဆက်သွယ်ရေး၊ သတင်းအချက်လက် နည်းပညာနှင့်ပတ်သက်၍ အိမ်တိုင်းနည်းပါး တယ်လီဖုန်း အသုံးပြုလျက်ရှိပါသည်။ လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်ပြီး ကျေးရွာအနီးပတ်ဝန်းကျင်တွင် သက်ဆိုင်ရာ ဆက်သွယ်ရေး တာဝါတိုင်များတည်ရှိသဖြင့် ကျေးရွာသူ/သားများမှာ ကြိုးမဲ့ဆက်သွယ်ရေး ဆင်းကဒ်များ ဖြစ်သော MPT, Ooredoo, Telenor, Mytel (၄)မျိုးစလုံး အသုံးပြုနိုင်ပြီး စီးပွားရေး ဈေးကွက်များနှင့် သက်ဆိုင်ရာ သတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီ ရယူနိုင်ပါသည်။ ဆက်သွယ်ရေးဆိုင်ရာ ဗဟုသုတများနှင့်နည်းပညာဆိုင်ရာသတင်းအချက် အလက်များကို လျင်မြန်လွယ်ကူစွာရရှိနိုင်ပါသည်။ သို့သော်လည်း အင်တာနက်လိုင်းဆွဲအား အနည်းငယ်ညံ့ပါသည်။

၇။ **ပညာရေး**

တပ်ကုန်းမြို့နယ်၊ ညောင်ပင်သာကျေးရွာတွင် အခြေခံပညာစာသင်ကျောင်းမရှိသောကြောင့် အုပ်စုကျေးရွာဖြစ်သော မကျီးပင်ကျေးရွာသို့သွားရောက်၍ ပညာလေ့လာဆည်းပူးကြရပါသည်။ ကျောင်းအာဟာရတိုက်ကျွေးမှု အစီအစဉ်မှာ ရံဖန်ရံခါရှိတတ်ပါသည်။ အတန်းပညာပြီးမြောက်မှု များတွင် ဘွဲ့ရလူငယ်အမျိုးသမီး(၁)ဦးရှိပြီး အလုပ်လုပ်နိုင်သည့် လူငယ်လူရွယ်များသောကြောင့် လုပ်ငန်းခွင်သို့ ဝင်ရောက်နိုင်သည့် လူသားအရင်းအမြစ်များ ရှိပါသည်။ လူငယ်များမှာ အလုပ်အကိုင် အခွင့်အလမ်းရှားပါးခြင်းနှင့် အသက်မွေးဝမ်းကျောင်းနည်းပညာ အားနည်းခြင်းတို့ကြောင့် ပြည်ပသို့ ထွက်ခွာ၍ လုပ်ငန်းလုပ်ဆောင်သူများလည်းရှိပါသည်။ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်း များ ပို့ချပေးပြီး ကုန်ထုတ်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုအပ်သော ငွေကြေးအရင်းအနှီးများပံ့ပိုးကူညီပေးမည်ဆိုပါကမိသားစုဝင်တိုးပွားလာကာ လူသားအရင်းအမြစ် ကိုလည်းထိန်းသိမ်းနိုင်မည်ဖြစ်ပါသည်။ ကျောင်းနေရွယ်ကလေးသူငယ်များအားလုံး ကျောင်းနေကြ ပါသည်။

၈။ **ကျန်းမာရေး**

(က) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှု ရရှိမှုအခြေအနေ

တပ်ကုန်းမြို့နယ်၊ ညောင်ပင်သာကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနမရှိသော ကြောင့်အုပ်စုကျေးရွာဖြစ်သည့် မကျီးပင်ကျေးရွာသို့သွားရောက်၍ ကျန်းမာရေးစောင့်ရှောက် မှုများကိုရယူကြပါသည် ။ ကျန်းမာရေးအခြေအနေပေါ်မူတည်၍ ရောဂါကြီးမားပါက မြို့နယ် ဆေးရုံဖြစ်သော တပ်ကုန်းမြို့နယ်ဆေးရုံသို့ သွားရောက်ကုသကြပါသည်။ ကျေးလက်နေ ပြည်သူများအနေဖြင့်ရာသီတုပ်ကွေးရောဂါ၊ လည်ချောင်းနာရောဂါနှင့် ရာသီအလိုက်ဖြစ်ပွား တတ်သောကာလတိုသည့်ရောဂါမျိုးကိုသာဖြစ်ပွားလေ့ရှိပါသည်။ ဖြစ်ပွားရသော အကြောင်း

အရင်းများကိုဖော်ထုတ်ပေးခြင်း၊ ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ကျန်းမာရေးဦးစီးဌာနမှလည်း သတ်မှတ် အရွယ်ရောက်သူတိုင်းကို သတ်မှတ်ကာလများအတွင်း ကျေးရွာသို့လာရောင်၍ လိုအပ်သည့်ကာကွယ်ဆေးများအား ထိုးနှံပေးခြင်းများရှိပါသည်။

(ခ) သောက်သုံးရေရရှိမှုနှင့် သန့်ရှင်းရေး

တပ်ကုန်းမြို့နယ်၊ ညောင်ပင်သာကျေးရွာတွင်သောက်သုံးရေကိုအဝီစိလက်နှိပ်တုံကင်နှင့် အဝီစိစက်တပ်ရေတွင်းများမှ ရယူသုံးစွဲကြပါသည်။ မြေအောက်ရေအနက်ပေ(၆၀)ခန့်ကိုသာ တူးဖော်ထားသည့် ရေတွင်းများဖြစ်သော်လည်း သောက်သုံးရေအဖြစ် သုံးစွဲရန် အဆင်မပြေမှုများရှိသည့်အတွက် ရေသန့်စက်ရုံမှရေသန့်များကို ဝယ်ယူ၍ သောက်သုံးကြပါသည်။ ကျေးရွာတွင် ယင်လုံအိမ်သာ (၃)လုံးသာရှိပြီး ကျေးရွာရှိအိမ်ထောင်စုများအားလုံး မျှဝေသုံးစွဲကြပါသည်။ ယင်လုံအိမ်သာ(၂)လုံးကို မြန်မာနိုင်ငံကြက်ခြေနီများအသင်းမှ ဆောက်လုပ်လှူဒါန်းထားပါသည်။ ကျေးရွာသူ၊ **ကျေးရွာ**သားများအနေဖြင့် ကျန်းမာရေးနှင့် တစ်ကိုယ်ရေ

သန့်ရှင်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ ကျင်းပပေးရန် လိုအပ်မည်ဖြစ်ပါသည် ။

၉။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ပြုစုခြင်း

(က) ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများ ထိန်းသိမ်းကာကွယ်ခြင်း

တပ်ကုန်းမြို့နယ်၊ ညောင်ပင်သာကျေးရွာရှိ လယ်ယာမြေများ၏ စိုက်ပျိုးမြေဆီလွှာအနေအထားမှာ သင့်တင့်မျှတသော အနေအထားတွင်ရှိပါသည်။ မြေဆီလွှာ အသင့်အတင့်ကောင်းမွန်ပြီး သီးနှံအထွက်နှုန်းလည်း မျှတပါသည်။ စွန့်ပစ်အမှိုက်ပစ္စည်းများ စီမံခန့်ခွဲမှုတွင် ပလပ်စတစ်ဘူးခွံနှင့် အိတ်ခွံများကို စနစ်တကျစွန့်ပစ်ရန်အတွက် အမှိုက်ကန်လိုအပ်လျက်ရှိပါသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း မြှင့်တင်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

(ခ) သဘာဝဘေးအန္တရာယ်များ စီမံခန့်ခွဲခြင်း

တပ်ကုန်းမြို့နယ် ၊ ညောင်ပင်သာကျေးရွာသည် မြန်မာနိုင်ငံအထက်ပိုင်းတွင် တည်ရှိသော ကျေးရွာဖြစ်သည့်အလျှောက် မိုးရာသီတွင် မိုးများခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများအပေါ်မူတည်၍ ထိခိုက်ပျက်စီးဆုံးရှုံးမှုများရှိပါသည်။ လူထုအခြေပြု သဘာဝဘေးအန္တရာယ်လျှော့ချရေးအစီအစဉ်များ ဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။ မိုးရွာသွန်းမှုများသော ကာလများတွင် ကျေးရွာနံဘေးရှိနဝင်းချောင်းရေမြင့်မားလာမှုသည် ကျေးရွာလူထုအတွက် ထိခိုက်လွယ်သောအခြေအနေတွင် တည်ရှိသည့်အတွက် သဘာဝဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်များကို ကြိုတင်ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါသည်။

မှုခင်းကျရောက်မှုများကို ကာကွယ်တားဆီးရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အခါအား လျော်စွာ မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောပွဲများအား ဆောင်ရွက်ပေးသင့်ပါသည် ။

၁၀။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

တပ်ကုန်းမြို့နယ်၊ ညောင်ပင်သာကျေးရွာရှိ မိဘများသည် သားသမီးများ၏ပညာသင်ကြားမှုအပိုင်းတွင် ကျားမရေးရာ ခွဲခြားခြင်းမရှိဘဲ တန်းတူပညာသင်ကြားခွင့် ရရှိကြပါသည်။ မိသားစုစားဝတ်နေရေးအခြေအနေပေါ်မူတည်၍ ပညာသင်ကြားခွင့်ကို များစွာသက်ရောက်မှုရှိစေပါသည်။ သို့သော်လည်း ကျောင်းနေရွယ်ကလေးသူငယ်များအားလုံး ကျောင်းနေကြရပါသည်။ စိုက်ပျိုးရေးနှင့် စီးပွားရေးလုပ်ငန်းများတွင် ကျားမတန်းတူ နေ့စားလုပ်အားခများ ရရှိသော်လည်း လက်သမား၊ ပန်းရံလုပ်ငန်းများနှင့်နည်းပညာရင်းနှီးရသည့်လုပ်ငန်းများတွင်အမျိုးသားများ၏နေ့စားလုပ်အားခသည် အမျိုးသမီးများထက် ပမာဏပိုများပါသည် ။ လူမှုအဖွဲ့အစည်းအတွင်း အိမ်တွင်းအကြမ်းဖက်မှုနှင့် ကျားမ ခွဲခြားဆက်ဆံမှုတို့မှာ နည်းပါးပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၊ ကျေးရွာလူမှုရေးနှင့် ဘာသာရေးကိစ္စရပ်များတွင် အမျိုးသမီးများမှ တက်တက်ကြွကြွ ပါဝင်လုပ်ဆောင်ကြပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၂		၂	၃	
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁	၂	၃		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၃	၁	၄		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၃	၂	၅		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၃၇	၃၁	၆၈		
၆၅ နှစ် နှင့်အထက်	သက်ကြီးရွယ်ကြီး		၂	၂		
စုစုပေါင်း		၄၆	၃၈	၈၄	၃	
စုစုပေါင်း အိမ်ထောင်စု		၂၃				

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာရှိအမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက်များပြား၍ အလုပ်လုပ်နိုင်သည့်အရွယ်လည်းများပါသည်။ မသန်စွမ်းသူ(၃)ဦးရှိပြီး ထိခိုက်လွယ်သည့် အနေအထားတွင်တည်ရှိပါသည်။ ကျေးရွာတွင် အလုပ်လုပ်ကိုင်နိုင်သော အရွယ်ရှိသူအားလုံး မိမိတို့ ဝါသနာပါရာလုပ်ငန်းများ ၊ အိမ်တွင်းစီးပွားရေးလုပ်ငန်းများနှင့်ကျပန်းလုပ်ငန်းများတွင် လုပ်ကိုင်ဆောင်ရွက်နေကြပါသည်။ ကျေးရွာတွင်ကျောင်းနေအရွယ်ကလေးသူငယ်များအားလုံး ကျောင်းနေကြပြီး ၅ နှစ်အရွယ်ကလေးများသည်လည်းအသက်အရွယ်အလိုက် ကာကွယ်ဆေးထိုးနှံခြင်းများ ရှိပါသည် ။ ၆၄ နှစ်အထက် သက်ကြီးရွယ်အို(၂)ဦးရှိပြီး ကျန်းမာရေးအရ ထိခိုက်လွယ်သည့် အနေအထားတွင် တည်ရှိပါသည် ။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု	ကျား	မ	အဓိကဝင်ငွေရ လုပ်ငန်းမဟုတ် သော အခြားဝင်ငွေ ရလုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခု ကိုသာ ရွေးရန်။)
		အိမ် ထောင် စု	မိသားစု ဝင် လုပ်အား					
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
လယ်ယာစိုက်ပျိုးရေး								
၁	ကိုယ်ပိုင် လုပ်ငန်း	၁	၂		၁	၁	၂	မြင့် ☑ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း							
၂	တိရစ္ဆာန် မွေးမြူရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐
၄	သစ်တောလုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐
	အလုပ်သမား / ဝန်ထမ်း							နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၆	ထုတ်ကုန်လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု	ကျား	မ	အဓိကဝင်ငွေရ လုပ်ငန်းမဟုတ် သော အခြားဝင်ငွေ ရလုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခု ကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင် လုပ်အား					
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)							
	ကိုယ်ပိုင် လုပ်ငန်း		၁			၁	၁	မြင့် ☑ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☑
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း	၂	၂	၁		၂	၂	မြင့် ☑ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း	၁			၁		၁	မြင့် ☑ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁			၁		၁	မြင့် ☑ လတ် ☐ နိမ့် ☐
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု	ကျား	မ	အဓိကဝင်ငွေရ လုပ်ငန်းမဟုတ် သော အခြားဝင်ငွေ ရလုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခု ကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား					
	အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၁၆	ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၁၇	ပညာရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၁၈	ကျန်းမာရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၁၉	လူမှုရေး လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ကျပန်း / ရာသီအလိုက်	၁၈	၁၉	၄	၁၆	၃	၁၉	မြင့် ☑ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု	ကျား	မ	အဓိကဝင်ငွေရ လုပ်ငန်းမဟုတ် သော အခြားဝင်ငွေ ရလုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခု ကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား					
	အလုပ်သမား							
၂၁	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
	စုစုပေါင်း				☒			

လေ့လာတွေ့ရှိချက်။ ။ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ အနည်းငယ်ရှိပြီး မြေယာမဲ့ အိမ်ထောင်စုများအနေဖြင့် အငှားတောင်သူလုပ်ကိုင်ဆောင်ရွက်ခြင်းများရှိသကဲ့သို့ ကျပန်းလုပ်သားများ အဖြစ်ဝင်ရောက်လုပ်ကိုင်ခြင်းများရှိသည့်အပြင် လက်သမားလုပ်ငန်း ၊ ဆိုင်ပင်ကျွတ်ရှင်းသည့် လုပ်ငန်း ၊ ဈေးရောင်းသည့်လုပ်ငန်း ၊ သုံးဘီးဆိုင်ကယ်မောင်းခြင်းလုပ်ငန်းနှင့် စက်ချုပ်သည့် လုပ်ငန်း လုပ်ဆောင်နိုင်သူများလည်း ရှိပါသည် ။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၆၀၀၀	၅၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၁၀၀၀၀	၁၀၀၀၀	၈၀၀၀	၈၀၀၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၂၀၀၀၀	၁၅၀၀၀	၁၂၀၀၀	၁၀၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

လေ့လာတွေ့ရှိချက်။ ။ လုပ်အားခ သတ်မှတ်ရာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် တန်းတူညီမှုရှိသော်လည်းလက်သမား၊ ပန်းရံလုပ်ငန်းများနှင့် နည်းပညာပါဝင်သည့်လုပ်ငန်းများ တွင်မူ ကျွမ်းကျင်မှုအပေါ်မူတည်၍ လုပ်အားခများ မတူညီကြပါ ။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ(ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)
လယ်မြေ	၅	ကောင်း ☐ သင့်☑ ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁.၇၅	ကောင်း ☐သင့်☑ ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐ သင့်☐ ညံ့ ☐
ကိုင်း / ကျွန်းမြေ		ကောင်း ☐ သင့် ☐ ညံ့ ☐
ခနီတောမြေ		ကောင်း ☐ သင့် ☐ ညံ့ ☐
စားကျက်မြေ		ကောင်း ☐ သင့် ☐ ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐ သင့် ☐ ညံ့ ☐
စုစုပေါင်း	၆.၇၅	☒

လေ့လာတွေ့ရှိချက် ။ ။ လယ်ယာစိုက်ပျိုးရေးအနေဖြင့် ဆန်စပါးကို အဓိကစိုက်ပျိုးကြပြီး ရာသီပေါ်သီးနှံများဖြစ်သော ငရုပ်၊ ခရမ်းချဉ်နှင့် ပဲတီစိမ်းတို့ကို စိုက်ပျိုးကြပါသည်။ မိုးရေကိုသာ အဓိကအားထား၍ လယ်ယာမြေများကို စိုက်ပျိုးကြပါသည်။ ကျေးရွာရှိ စုစုပေါင်းလယ်ယာမြေ (၆.၇၅)ဧကအနက်(၄)ဧကကိုသာ စိုက်ပျိုးခြင်းလုပ်ငန်းဆောင်ရွက်နိုင်ပြီး ယာမြေ(၁.၇၅)ဧကသည် နုန်းမြေဖုံးလွှမ်းနေသောကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမရှိပါ။ ယခင်က

မြေဩဇာကောင်းမွန်သော်လည်းယခုအချိန်တွင် မူဓါတ်မြေဩဇာများ အလွန်အကျွံသုံးစွဲခြင်း(ပေါင်း၊ မှို၊ပိုး)သတ်ဆေးများ စည်းကမ်းမဲ့သုံးစွဲခြင်းများကြောင့် အသင့်အတင့်သာ ကောင်းမွန်ကြောင်း တွေ့ရှိရသည်။ နောင်အခါများတွင် မြေအရည်အသွေး ညံ့ဖျင်းသွားမည်ကို စိုးရိမ်ရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်း တွေ့ရှိနိုင်မှု	အသုံးချနိုင်မှု	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ
သတ္တုနှင့် အခြားတွင်းထွက် သယံ ဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☑တိုး ☐ အပြောင်းအလဲမရှိ☐
ရေ အင်း၊အိုင်၊) မြေပေါ်ရေ - ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း(	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ်☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ မြေအောက်ရေ - တွင်းတိမ်၊တွင်းနက်၊) လက်တူးတွင်း(	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ်☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သစ်တော - ဒီရေတောများ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ မြောက်ဘက်တွင် နဝင်းချောင်းကပ်လျက်ရှိပြီး ၄င်းချောင်းထဲတွင် ကျောက်စရစ်များနှင့်သဲများရှိသော်လည်း ကျေးရွာလူထုအနေဖြင့် ထုတ်ယူ သုံးစွဲနိုင်ခြင်းများ မရှိပါ ။ သဘာဝပတ်ဝန်းကျင်တွင် တိရိစ္ဆာန်များအတွက် အသုံးပြုနိုင်သည့် ဆေးဝါးပင်များလည်းအသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် ရေအရင်းအမြစ်များပေါများသော်လည်း ကျေးရွာလူထုအတွက်သာ သုံးစွဲနိုင်ပါသည် ။ ကျေးရွာတွင်းအသုံးပြုနေသော ရေတွင်းများသည် ရေပေါ်ရေများသာ ဖြစ်ပါသည် ။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု			ရှိ/မရှိ	မရှိ
အိမ်အခြေအနေ			သွပ်မိုး၊ ကြမ်းခင်း၊ ထရံကာ	သွပ်မိုး၊ ကြမ်းခင်း၊ ထရံကာ
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု			-	-
အဓိကစီးပွားရေး လုပ်ငန်း			တောင်သူ၊ ဈေးသည်၊ စက်ချုပ်၊ ကားမောင်း၊ ကျပန်း	တောင်သူ၊ ဈေးသည်၊ စက်ချုပ်၊ ကားမောင်း၊ ကျပန်း
အိမ်ထောင်စု			၁၆	၇

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျပန်းလုပ်ငန်းဆောင်ရွက်နေသူ များပြားပြီး တောင်သူ လုပ်ငန်း လုပ်ဆောင်သူ အနည်းငယ်ရှိသည်။ လက်သမား၊ ပန်းရံလုပ်ငန်း ၊ အရောင်းအဝယ်လုပ်ငန်း ဆံပင်ကျွတ်ရှင်းလင်းခြင်းလုပ်ငန်းနှင့် စက်ချုပ်လုပ်ငန်း လုပ်ကိုင်သူများလည်း ရှိပါသည်။ ကျေးရွာရှိ အိမ်ထောင်စုအားလုံးသည် သဘာဝဘေးရေကြီးရေလျှံကြုံတွေ့ရသည့် မပြေလည်သောအိမ်ထောင်စု များဖြစ်ကြပါသည်။ ကျေးရွာတွင်အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်းသည် ပြည်သူလူထုအတွက် ဝင်ငွေရလုပ်ငန်းဆောင်ရွက်ခြင်းများအပေါ် အခက်အခဲများစွာရှိသကဲ့သို့ အလုပ်အကိုင်ရှားပါးခြင်း သည်လည်း မြို့ကြီးပြကြီးများသို့ သွားရောက်လုပ်ကိုင်ဆောင်ရွက်ခြင်းများအပေါ် များစွာအကျိုး သက် ရောက်စေပါသည်။ အဓိကစီးပွားရေးလုပ်ငန်းနှင့် တစ်နိုင်တပိုင်အသက် မွေးဝမ်းကျောင်း ဆိုင်ရာ လုပ်ငန်းများကိုချမှတ်ပေးရန် လိုအပ်လျက်ရှိပါသည်။ ရာဂီသဘာဝဘေး ရေကြီးရေလျှံ ကျရောက်ခြင်းကြောင့် ကျေးရွာရှိ နေအိမ်များအားလုံး ရေမျှောပါပျက်စီးကြသည့်အတွက် မြန်မာ နိုင်ငံဟိုတယ်နှင့် ခရီးသွားအဖွဲ့ချုပ်မှ ကျေးရွာရှိ အိမ်ထောင်စု(၂၃)စုလုံးကို ပုံစံတူနေအိမ်များ ဆောက်လုပ်လှူဒါန်းပေးထားပါသည် ။

(င)　ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = အစာလျှော့စား = အထောက်အပံ့ယူ = ချေးယူ = လုပ်အားခကြိုယူ =
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၂၃	၅	အခြားအစာပြောင်းလဲစား = အစာလျှော့စား = အထောက်အပံ့ယူ = ချေးယူ = ၂၃ လုပ်အားခကြိုယူ = ၂၃
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = အစာလျှော့စား = အထောက်အပံ့ယူ = ချေးယူ = လုပ်အားခကြိုယူ =

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်း ကောက်ယူခြင်း။

လေ့လာတွေ့ရှိချက် ။　　။　သဘာဝဘေး ရေကြီးရေလျှံမှု ခံစားရသည့် ကျေးရွာဖြစ်ပြီး ကျပန်း လုပ်သားပေါများသည့် ကျေးရွာဖြစ်သောကြောင့် ဝမ်းစာဖူလုံမှုရှိသည့် အိမ်ထောင်စုဟူ၍ မရှိပါ။ တစ်နှစ်ပတ်လုံး ဝမ်းစာဖူလုံရေးအတွက်၊ ဆွေမျိုးများနှင့် မိတ်ဆွေအပေါင်းအသင်းများထံမှ ချေးယူခြင်း များရှိသကဲ့သို့ လုပ်အားခကြိုတင်ထုတ်ယူခြင်းများဖြင့် ဝမ်းရေးပြဿနာကို ဖြေရှင်း ဆောင်ရွက်ကြ ရပါသည် ။

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၄နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ်			
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၅		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၂		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	၂		

လေ့လာတွေ့ရှိချက်။ ။ ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောအခြေအနေတွင် အသက် (၆၄) နှစ်အထက်အိမ်ထောင်စု(၂)စု၊ ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု (၄)စု၊ ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ် အိမ်ထောင်စု(၂)စု ရှိပါသည်။ ရပ်ရွာမှ ကျွေးမွေးစောင့်ရှောက်ရသည့် အိမ်ထောင်စုမရှိပါ။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျော) (ညီထွေဖြစ်စေမည့်အစီအမံများ		
သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
မြစ်ရေကြီးမှု	☐	☑	☐	☐	☑	☐
လျှပ်တပြက်ရေကြီးခြင်း	☐	☐	☐	☐	☐	☐
မုန်တိုင်းဒီရေ	☐	☐	☐	☐	☐	☐
ဆူနာမီ	☐	☐	☐	☐	☐	☐

ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျော) (ညီထွေဖြစ်စေမည့်အစီအမံများ		
သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
တိုင်ဖုန်းမုန်တိုင်း	☐	☐	☐	☐	☐	☐
လေဆင်နှာမောင်း	☐	☐	☐	☐	☐	☐
ငလျင်	☑	☐	☐	☐	☑	☐
အပူလှိုင်း	☐	☐	☐	☐	☐	☐
စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	☐	☐	☐	☐	☐	☐
အအေးလှိုင်း	☐	☐	☐	☐	☐	☐
မိုးသီးကြွေကျမှု	☐	☐	☐	☐	☐	☐
မိုးခေါင်ခြင်း	☐	☐	☐	☐	☐	☐
တောမီးလောင်ခြင်း	☐	☐	☐	☐	☐	☐
မြစ်ကမ်းပါးပြိုခြင်း	☐	☐	☑	☑	☐	☐
ကမ်းရိုးတန်းတိုက်စားမှု	☐	☐	☐	☐	☐	☐
မြေပြိုခြင်း	☐	☐	☐	☐	☐	☐
လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ						
စားနပ်ရိက္ခာမဖူလုံမှု	☐	☐	☐	☐	☐	☐
သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)	☐	☐	☐	☐	☐	☐
မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း	☐	☐	☐	☐	☐	☐

ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု င့်လိုက်လျောထိခိုက်မှုလျော့နည်းရေးနှ) (ညီထွေဖြစ်စေမည့်အစီအမံများ		
သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
သစ်တောပြုန်းတီးခြင်း	☐	☐	☐	☐	☐	☐
ငှက်ဖျားရောဂါ	☐	☐	☐	☐	☐	☐
တီဘီရောဂါ	☐	☐	☐	☐	☐	☐
ကိုယ်ခံအားကျဆင်းမှုရောဂါ	☐	☐	☐	☐	☐	☐
ကပ်ရောဂါ	☐	☐	☐	☐	☐	☐
ပြည်တွင်းပဋိပက္ခ	☐	☐	☐	☐	☐	☐
တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	☐	☐	☐	☐	☐	☐
လူကုန်ကူးခြင်း	☐	☐	☐	☐	☐	☐
ဝေးလံခေါင်သီ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစ/ သည်	☐	☐	☐	☐	☐	☐

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်ကျရောက်မှုအနေဖြင့် ကြီးမားသည့် ထိခိုက်မှု တစ်ကြိမ်ရှိခဲ့သော်လည်း ရံဖန်ရံခါ မိုးသက်လေပြင်းတိုက်ခတ်ခြင်း၊ နွေရာသီတွင်အပူရှိန်မြင့်မားမှုကြုံတွေ့ရခြင်းနှင့် တိရိစ္ဆာန်ကူးစက်ရောဂါကျရောက်မှု အနည်းငယ်ရှိပါသည်။ ကျေးရွာ၏မြောက်ဘက်တွင် နဝင်းချောင်းရှိပြီး မိုးများသောကာလတွင် ချောင်းရေကြီးမှုများရှိသည့်အတွက် ကျေးရွာလူထုအနေဖြင့် စိတ်ပူပန်နေရခြင်းများ ရှိပါသည်။

(င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု ထိခိုက်မှု) လျော့နည်းရေးနှင့် လိုက်လျော ညီထွေဖြစ်စေမည့် အစီအမံများ(		
သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်

လူငယ်	☐	☐	☑	☑	☐	☐
အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	☐	☐	☑	☑	☐	☐
ဆင်းရဲသားတောင်သူ	☐	☐	☑	☑	☐	☐
သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု က်ရောဂါထူပြောသောဒေသတွင် ကူးစ/ နေထိုင်သူ	☐	☐	☐	☐	☐	☐
ပင်လယ်မြစ်ကမ်းဘေးနေထိုင်သူများ/	☐	☐	☐	☐	☐	☐
မတော်တဆမှုဖြစ်နိုင်ချေများသော နေရာတွင်နေထိုင်သူများ	☐	☐	☐	☐	☐	☐
ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ)IDP)	☐	☐	☐	☐	☐	☐
မြေနိမ့်ပိုင်းနေထိုင်သူများ	☐	☐	☐	☐	☐	☐
ငါးကန်ပိုင်ရှင်များ	☐	☐	☐	☐	☐	☐
လက်လုပ်လက်စားများ၊ကျပန်းများ	☐	☐	☑	☑	☐	☐
လူနည်းစုလူမျိုးများ	☐	☐	☐	☐	☐	☐
ဒေသတွင်းပဋိပက္ခဇရိယာတွင်နေထိုင်သူများ	☐	☐	☐	☐	☐	☐
ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု ထိခိုက်မှုလျော့နည်းရေးနှင့်) လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ(		
သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
နယ်စပ်ဒေသတွင်နေထိုင်သူများ	☐	☐	☐	☐	☐	☐
ရွှေတွင်းလုပ်သားများ	☐	☐	☐	☐	☐	☐
လှည့်လည်သွားလာ၍ဈေးရောင်းသူများ	☑	☐	☐	☑	☐	☐

နေရပ်ပြန်အခြေချသူများ	☐	☐	☐	☐	☐	☐
ရွှေ့ပြောင်းလုပ်သားများ	☐	☑	☐	☑	☐	☐
ကားမောင်းပြီးအသက်မွေးသူများ	☐	☐	☐	☐	☐	☐

လေ့လာတွေ့ရှိချက် ။ ။ ထိခိုက်သက်ရောက်မှု ခံရနိုင်သူများအနေဖြင့် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများ၊ ဆင်းရဲသားတောင်သူနှင့် လုပ်ကိုင်စားသောက်သူအနည်းငယ်ရှိပြီး ကျေးရွာမှအခြားဒေသများသို့ အလုပ်အကိုင်နှင့် ဝင်ငွေရရှိရေးအတွက် ရွှေ့ပြောင်းသွားလာသူများလည်း ရှိပါသည် ။ ၎င်းတို့အတွက် ထိခိုက်မှုလျော့နည်းစေရေးအတွက် လိုအပ်သည့်အစီအမံများ ဆောင်ရွက်ရန် လိုအပ်ပါသည် ။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	အုပ်ချုပ်ရေးအဖွဲ့	☐ ☑ ☑	၂		၂	☑ ပညာရေး ☑ ငွေကြေး ☑ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☑ သာရေး နာရေး၊လူမှုဖွံ့ဖြိုးရေး/ ☑ လုံခြုံရေးနှင့် ကာကွယ်ရေး	☐ ကောင်း ☑ သင့် ☐ ညံ့
၂	ရပ်မိရပ်ဖအဖွဲ့	☐ ☑ ☑				☑ ပညာရေး ☑ ငွေကြေး ☑ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☑ သာရေး နာရေး၊လူမှုဖွံ့ဖြိုးရေး/ ☑ လုံခြုံရေးနှင့် ကာကွယ်ရေး	☐ ကောင်း ☑ သင့် ☐ ညံ့

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ အိမ်ထောင်စု(၂၃)စုဖြင့် ဖွဲ့စည်းထားသော ကျေးရွာဖြစ်သောကြောင့် ကျေးရွာတွင်းအဖွဲ့အစည်းများအနေဖြင့် အုပ်ချုပ်ရေးအဖွဲ့နှင့် ရပ်မိရပ်ဖအဖွဲ့(၂)ဖွဲ့သာရှိပါသည်။ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ သာရေး/နာရေးနှင့် ကာကွယ်ရေးဆိုင်ရာ ကိစ္စအဝဝကို ကျေးရွာလူထုနှင့် တိုင်ပင်ဆွေးနွေး၍ ဝိုင်းဝန်းဆောင်ရွက်ကြပါသည် ။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံး တစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	ဟိုတယ်နှင့် ခရီးသွား	၁☐ ၂☐ ၃☑ ၄ ☐၅☐ ၆ ☐၇☐	☐ပညာရေး ☐ ငွေကြေး ☑ကျန်းမာရေး ☐ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☑ သာရေး နာရေး၊လူမှုဖွံ့ဖြိုးရေး/
၂	မြန်မာနိုင်ငံကြက်ခြေနီအသင်း	၁☐ ၂ ☐၃☐ ၄ ☐၅☐ ၆ ☑၇☐	☐ပညာရေး ☐ငွေကြေး ☑ကျန်းမာရေး ☐ဘာသာရေး ☐စိုက်ပျိုးမွေးမြူရေး ☑သာရေး နာရေး၊လူမှုဖွံ့ဖြိုးရေး/
၃	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန	၁☐ ၂☐ ၃☐ ၄ ☐၅☐ ၆ ☐၇☐	☐ပညာရေး ☐ငွေကြေး ☐ကျန်းမာရေး ☐ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐သာရေး နာရေး၊လူမှုဖွံ့ဖြိုးရေး/
၄	အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန	၁☐ ၂☐ ၃☐ ၄ ☐၅☐ ၆ ☐၇☐	☐ပညာရေး ☐ငွေကြေး ☐ကျန်းမာရေး ☐ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐သာရေး နာရေး၊လူမှုဖွံ့ဖြိုးရေး/
၅	စိုက်ပျိုးရေးဦးစီးဌာန	၁☐ ၂☐ ၃☐ ၄ ☐၅☐ ၆ ☐၇☐	☐ပညာရေး ☐ငွေကြေး ☐ကျန်းမာရေး ☐ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐သာရေး လူမှုဖွံ့ဖြိုးရေးနာရေး၊/

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၆	အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၁☐ ၂☐ ၃☐ ၄ ☐၅☐ ၆ ☐၇☐	☐ပညာရေး ☐ငွေကြေး ☐ကျန်းမာရေး ☐ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐သာရေး နာရေး၊လူမှုဖွံ့ဖြိုးရေး/
၇	လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန	၁☐ ၂☐ ၃☐ ၄ ☐၅☐ ၆ ☐၇☐	☐ပညာရေး ☐ငွေကြေး ☐ကျန်းမာရေး ☐ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐သာရေး နာရေး၊လူမှုဖွံ့ဖြိုးရေး/

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ပြင်ပပရဟိတအဖွဲ့အစည်းများဖြစ်သော မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားအဖွဲ့ချုပ်မှ ကျေးရွာ၏လိုအပ်ချက်များဖြစ်သော လူနေအိမ်များနှင့် ယင်လုံအိမ်သာများကို ဆောက်လုပ်လှူဒါန်းထားပါသည်။ သက်ဆိုင်ရာဒေသတွင်းရှိ ဌာနဆိုင်ရာများဖြစ်သော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနများမှ ကျေးရွာ၏လိုအပ်ချက်များကို ကွင်းဆင်းစိစစ်၍ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ဒေသတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ ကို ဆောင်ရွက်ပေးလျက် ရှိပါသည် ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့			မြေမဲ့ယာမဲ့
၂	၂.၅ ကေအောက်	၁	၁	ဆင်းရဲသားတောင်သူ
၃	၂.၅ ကေမှ ၅ ကေ ကြား	၁		တောင်သူငယ်
၄	၅ ကေမှ ၁၂.၅ ကေ ကြား			တောင်သူလတ်
၅	၁၂.၅ ကေ အထက်			တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၂	၁	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ တောင်သူ(၄)ဦးရှိသော်လည်းလယ်ယာပိုင်ဆိုင်သည့် တောင်သူ(၂)ဦးသာ ရှိပါသည်။ တောင်သူ(၂)ဦးမှာမူ သူတစ်ပါး၏ လယ်ယာမြေကိုအငှားသဘောဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း ဖြစ်ပါသည်။ ၎င်းတောင်သူများအနေဖြင့် စပါးကို အဓိကစိုက်ပျိုးကြပြီး ရာသီပေါ် သီးနှံများဖြစ်သော ခရမ်းချဉ်၊ ငရုပ်နှင့် ပဲတီစိမ်းတို့ကို တစ်နိုင်တပိုင် စိုက်ပျိုးကြပါသည် ။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

အရင်းအမြစ်	ရေသောက် (ကေ)	တစ်နှစ်ပတ်လုံး/ ရာသီ အလိုက် (မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (မရှိ/ရှိ) မှန်ရာတစ်ခုကိုသာရွေး) (ရန်	လွန်ခဲ့သောနှစ်က(၁၀) အခြေအနေမှန်ရာ) တစ်ခုကို သာရွေးရန်(
ဆည်		☐တစ်နှစ်ပတ်လုံး ☐ရာသီအလိုက် ☐မဖြေဆိုပါ	☐ရှိ ☐မရှိ ☐မဖြေဆိုပါ	☐လျော့ ☐တိုး ☐အပြောင်းအလဲမရှိ
ရေလွှဲဆည်		☐တစ်နှစ်ပတ်လုံး ☐ရာသီအလိုက် ☐မဖြေဆိုပါ	☐ရှိ ☐မရှိ ☐မဖြေဆိုပါ	☐လျော့ ☐တိုး ☐အပြောင်းအလဲမရှိ
မြစ်ရေတင်		☐တစ်နှစ်ပတ်လုံး ☐ရာသီအလိုက် ☐မဖြေဆိုပါ	☐ရှိ ☐မရှိ ☐မဖြေဆိုပါ	☐လျော့ ☐တိုး ☐အပြောင်းအလဲမရှိ
ရေသွင်း မြောင်း		☐တစ်နှစ်ပတ်လုံး ☐ရာသီအလိုက် ☐မဖြေဆိုပါ	☐ရှိ ☐မရှိ ☐မဖြေဆိုပါ	☐လျော့ ☐တိုး ☐အပြောင်းအလဲမရှိ

အဝီစိတွင်း		☐တစ်နှစ်ပတ်လုံး ☐ရာသီအလိုက် ☐မဖြေဆိုပါ	☐ရှိ ☐မရှိ ☐မဖြေဆိုပါ	☐လျော့ ☐တိုး ☐အပြောင်းအလဲမရှိ
လက်ငင်ရေတွင်း		☐တစ်နှစ်ပတ်လုံး ☐ရာသီအလိုက် ☐မဖြေဆိုပါ	☐ရှိ ☐မရှိ ☐မဖြေဆိုပါ	☐လျော့ ☐တိုး ☐အပြောင်းအလဲမရှိ
စိမ့်စမ်းရေ		☐တစ်နှစ်ပတ်လုံး ☐ရာသီအလိုက် ☐မဖြေဆိုပါ	☐ရှိ ☐မရှိ ☐မဖြေဆိုပါ	☐လျော့ ☐တိုး ☐အပြောင်းအလဲမရှိ
ချောင်းရေ		☐တစ်နှစ်ပတ်လုံး ☐ရာသီအလိုက် ☐မဖြေဆိုပါ	☐ရှိ ☐မရှိ ☐မဖြေဆိုပါ	☐လျော့ ☐တိုး ☐အပြောင်းအလဲမရှိ

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ စိုက်ပျိုးသီးနှံများအားလုံးသည် မိုးရေတစ်ခုတည်းကိုသာ အားထား၍ စိုက်ပျိုးကြရပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံ စိုက်ပျိုးသည့်ကာလ		သွင်းအားစုလို အပ်ချက် မှန်ရာတစ်ခု) (ကိုသာရွေးရန်	အမြတ် ရရှိနိုင်မှု မှန်ရာတစ်) ခုကိုသာရွေး (ရန်	ထိခိုက် လွယ်မှု မှန်ရာတစ်ခုကို) (သာရွေးရန်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
စပါး	၄	တင်း	၁၅	၅၀		ဧပြီ	ဇန်နဝါရီ	☑မြင့် ☐ လတ် ☐ နိမ့်	☐ မြင့် ☐ လတ် ☑ နိမ့်	☑မြင့် ☐ လတ် ☐ နိမ့်
ပဲတီစိမ်း	၄	တင်း	၂၀	၄၀	၂၅	မတ်	မေ	☑မြင့် ☐ လတ် ☐ နိမ့်	☐ မြင့် ☐ လတ် ☑ နိမ့်	☑မြင့် ☐ လတ် ☐ နိမ့်

ငရုပ်	၂	ပိဿာ	၂၅၀	၄၀၀	၃၂၅	ဧပြီ	ဇူလိုင်	☑မြင့် ☐ လတ် ☐ နိမ့်	☐ မြင့် ☐ လတ် ☑ နိမ့်	☑မြင့် ☐ လတ် ☐ နိမ့်
ခရမ်းချဉ်	၂	ပိဿာ	၁၀၀	၃၀၀	၂၀၀	ဧပြီ	ဇူလိုင်	☑မြင့် လတ် ☐ နိမ့်	☐ မြင့် ☐ လတ် ☑ နိမ့်	☑မြင့် ☐ လတ် ☐ နိမ့်

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မိုးစပါးကို ဧပြီလမှ ဇန်နဝါရီလအထိ၊ ပဲတီစိမ်းအား မတ်လမှ မေလအထိ၊ ငရုတ်နှင့် ခရမ်းချဉ်တို့အား ဧပြီလမှ ဇူလိုင်လအထိ စိုက်ပျိုးကြပါသည်။ သီးနှံများ အားလုံး အထွက်နှုန်းအသင့်အတင့်ကောင်းမွန်ကြပါသည်။ အထွက်နှုန်းတိုးတက်စေရန်အတွက် ဖြည့်သွင်းရမည့် ဓါတ်မြေဩဇာများအတွက် သွင်းအားစု အခက်အခဲများ ရှိပါသည် ။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်				
လက်တွန်းထွန်စက်				
အစေ့ချ ကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်				
ခြွေလှေ့စက်				
ရေစုပ်စက်				
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်				

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မိရိုးဖလာ လယ်ယာသုံး စိုက်ပျိုးရေးထွန်ယက်ပစ္စည်းများကိုသာ အသုံးပြုကြပါသည်။ စက်ကိရိယာအသုံးပြုမှုမရှိသည့်အပြင် လိုအပ်သည့်စက်ကိရိယာများသည် လည်း အနီးပတ်ဝန်းကျင်တွင် လက်လှမ်းမီမှု မရှိပါ ။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း ☐ကောင်း ☐ သင့်တင့်မျှတ☑ မဖြေဆိုပါ ☐
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း ☐ကောင်း ☐ သင့်တင့်မျှတ ☑မဖြေဆိုပါ ☐
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ☐ အသင့်အတင့်ရှိ☑ မဖြေဆိုပါ ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ☐ရသည် ☐မဖြေဆိုပါ ☑
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည်☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☑ မဖြေဆိုပါ ☐
သဘာဝမြေဆွေး / အော်ဂဲနစ် မြေသြဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐ ဝယ်ယူရနိုင်သည် ☑ မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐ ဝယ်ယူရနိုင်သည် ☑ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည် ☑ ရနိုင်သည် ☐ မဖြေဆိုပါ ☐
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည် ☐ ရနိုင်သည် ☐ မဖြေဆိုပါ ☑
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည်☑ သီးနှံများကို ရောင်းချနိုင်သည် ☐ မဖြေဆိုပါ ☐

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်/မိုးရေချိန်)	ထိခိုက်နိုင်သည် ☑ မထိခိုက်ပါ ☐ မဖြေဆိုပါ ☐

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ သီးနှံအထွက်နှုန်းတိုးစေရန်အတွက် သင့်တင့်သော မြေဩဇာနှင့် မြေဆီလွှာများ ထည့်သွင်းရန် လိုအပ်ပါသည်။ စိုက်ပျိုးတောင်သူများရှိသော်လည်း လိုအပ်သည့် သွင်းအားစုနှင့် မျိုးကောင်းမျိုးသန့်များကို အလွယ်တကူ ရယူနိုင်ခြင်း မရှိသေးပါ ။

(ဇ) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	မြေဆီဩဇာမကောင်း ☐ ရာသီဥတုမမှန် ☑ မဖြေဆိုပါ ☐
လယ်ယာမြေ အသုံးချနိုင်မှု	☐လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☐ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည် ☐ ပလပ်မြေများရှိသည် ☑ ပလပ်မြေအသင့်အတင့်ရှိသည် ☐ မဖြေဆိုပါ
စိုက်ပျိုးရေ အရင်းအမြစ်	☑ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	☐ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☑ မဖြေဆိုပါ
သီးနှံမျိုးစေ့ ရရှိနိုင်မှု	☑ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ်	☑ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
သွင်းအားစုများ	
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာ နှင့် အခြားဓာတုဗေဒသွင်းအားစုများ	☑ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ
လုပ်သားရရှိနိုင်မှု	☑ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	☑ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	☐ သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐ သီးနှံများကိုရောင်းချရန် ဈေးကွက်မရှိပါ မဖြေဆိုပါ ☑
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	☐ ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ ☑အနည်းငယ် ☐ မဖြေဆိုပါ
ရာသီဥတုဒဏ်ခံနိုင်သည့်သီးနှံများနှင့် ပတ်သက်သော သတင်းအချက် အလက်လက်လှမ်းမီမှု	☑ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ
ရာသီအလိုက်ရာသီဥတု ခန့်မှန်းချက် များနှင့် သီးနှံစီမံခန့်ခွဲမှုဆိုင်ရာ အကြံဉာဏ်များ လက်လှမ်းမီမှု	☐ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☑ မဖြေဆိုပါ

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် ရင်ဆိုင်နေရသည့် အခက်အခဲများမှာ ရေကြီးရေလျှံစဉ်ကတင်ကျန်ခဲ့သောနုန်းမြေများကြောင့် မြေဆီမြေဩဇာကောင်းမွန်မှုနည်းပါးလာပြီး လယ်ယာမြေများ တိုးချဲ့ဆောင်ရွက်နိုင်မှုမရှိသည့်အပြင် လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ချေးငွေနှင့်ဝန်ဆောင်မှုလုပ်ငန်းများ အလွယ်တကူ မရနိုင်ခြင်းများလည်း ရှိပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၈	၁၉
နို့စားနွား		
ကျွဲ		
မြင်း		
မြည်း		
လား		
ဆိတ်	တစ်ဖွဲ့(၁၆)ဦး	၂၂
သိုး		
ဝက်	၃	၃
ကြက်	၂	၁၂
ဘဲ		
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်း မွေးမြူရေးလုပ်ငန်း		
ရေချို ငါးဖမ်းလုပ်ငန်း		
ကမ်းလွန်ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကြက်နှင့်ဝက်တို့သည် တစ်နိုင်တပိုင် မွေးမြူကြသော အိမ်ထောင်စုအနည်းငယ်ရှိပြီး စီးပွားဖြစ်မွေးမြူသော အိမ်ထောင်စုဟူ၍မရှိပါ။ နွားကိုလယ်ယာလုပ်ငန်းအတွက် အဓိကမွေးမြူကြပါသည်။ နေပြည်တော်ကောင်စီရန်ပုံငွေဖြင့် အဖွဲ့ဝင်(၁၆)ဦး ပိုင်ဆိုင်သည့် ဆိတ်(၂၂)ကောင်ပါရှိသည့် ဆိတ်ခြံတစ်ခြံလည်း ရှိပါသည် ။ အတိုးနည်းချေးငွေ ရရှိပါက တစ်နိုင်တပိုင် စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည် ဖြစ်ပါသည် ။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	☐ ပေါများ ☑ အသင့်အတင့် ☐ မဖြေဆိုပါ
ရေရရှိမှု	☑အလုံအလောက်ရနိုင် ☐ အသင့်အတင့်ရနိုင် ☐ မဖြေဆိုပါ
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	☑ မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐မျိုးကောင်းတိရစ္ဆာန်များလုံးဝဝယ်ယူမရပါ ☐ မဖြေဆိုပါ
ချေးငွေ	☐ ချေးငွေလွယ်ကူစွာရနိုင် ☑ချေးငွေအသင့်အတင့်ရနိုင် ☐မဖြေဆိုပါ
သွင်းအားစု (မွေးမြူရေးအစာ၊ ဆေးစသည်) ဈေးကွက်	☑ သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည် ☐ သွင်းအားစုများဝယ်ယူနိုင်သည် ☐ မဖြေဆိုပါ
